# အဂ္ဂဝံသ၊ အရှင် (အေဒီ ၁၁၆၇–၁၂၀၂)

## သဒ္ဒနီတိကျမ်းပြုဆရာတော်

သဒ္ဒနီတိသည် မြန်မာနိုင်ငံမှသီရိလင်္ကာသို့ပေးသည့် ပထမဆုံးသော တုံ့ပြန်လက်ဆောင်ဖြစ်သည်ဟု 'မြန်မာနိုင်ငံပါဠိစာပေသမိုင်း'ကျမ်းကို ရေးသားခဲ့သူ အင်္ဂလိပ်အမျိုးသမီးပါဠိပညာရှင် အမ်အိတ်ချ်ဘုဒ် (M.H. Bode)က ဆိုခဲ့သည်။ သဒ္ဒနီတိကား အထူးသဖြင့် သီဟိုဠ်နှင့် ဥရောပတိုက်တွင် ထင်ရှားသည့် ကမ္ဘာကျော်ပါဠိသဒ္ဒါကျမ်းကြီးဖြစ်သည်။ ပါဠိတိပိဋကဍ်တွေ့ရသည့် ပါဠိဘာသာဆိုင်ရာ စည်းမျဉ်းများကို ရှင်းပြသည့် ပါဠိသဒ္ဒါကျမ်းဖြစ်သည်။

ကျမ်းစာရေးပြီး၍ နှစ်အနည်းငယ်ကြာပြီးနောက် သဒ္ဒနီတိစာတော်မူမိတ္တူတစ်စောင် သီရိလင်္ကာနိုင်ငံ၊ အနုရာဓပုရမြို့ရှိ ထင်ရှားလှသော မဟာဝိဟာရကျောင်းတိုက်သို့ ဆောင်ယူလာခဲ့ရာ သီဟိုဠ်ရဟန်းတော်များက ဝမ်းမြောက်စွာ ကြိုဆိုကြလျက် သီဟိုဠ်ပညာရှင်များ ရေးသားသည့် သဒ္ဒါကျမ်းအားလုံးထက် သာလွန်ကောင်းမွန်သည်ဟု ချီးမွမ်းကြသည်။ သဒ္ဒနီတိသည် ထိုခေတ် မြန်မာနိုင်ငံ၏ ပါဠိဘာသာကျွမ်းကျင်မှုကို ကျော်ကြားစေပြီး ကျမ်းပြုပုဂ္ဂိုလ်မှာ ယနေ့တိုင်ကျော်ကြားဆဲလည်း ဖြစ်သည်။ ကြီးမားကျယ်ပြန့်သည့် ဤကျမ်းသည် ကစ္စာယနဗျာကရဏ နောက်သို့လိုက်၍ ရေးသားသည်။ ဤကျမ်းကို ယနေ့တိုင် ပါဠိဘာသာဂန္ထဝင်ကျမ်းအဖြစ် ပုံနှိပ်ထုတ်ဝေဆဲဖြစ်သည်။ ယင်းသဒ္ဒါကျမ်းသည် ပါဠိပိဋကတ်ကို အခြေခံသည်။ အခန်း ၂၇-ခန်းရှိပြီး **ပဒမာလာ**၊ **ဓာတုမာလာ**၊ **သုတ္တမာလာ**ဟူ၍ အပိုင်းသုံးပိုင်းပါသည်။ ဓာတုမာလာ၌ ကျမ်းပြုဆရာက ပါဠိပုံစံများကို သက္ကတနှင့်နှိုင်းယှဉ်ပြထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်[၁]။

## ကျမ်းပြုပုဂ္ဂိုလ်

ပုဂံခေတ် မြန်မာနိုင်ငံတွင် ပရိယတ္တိကျွမ်းကျင်နှံ့စပ်သည့် မထေရ်ကျော်သုံးပါး ပေါ်ထွန်းခဲ့ဖူးသည်။ ယင်းတို့မှာ၁) အရှင်မဟာအဂ္ဂပဏ္ဍိတ ၂) အရှင်အဂ္ဂပဏ္ဍိတနှင့် ၃) အရှင်အဂ္ဂဝံသတို့ဖြစ်သည်။

ထိုတွင် အရှင်အဂ္ဂဝံသသည် သဒ္ဒနီတိကိုရေးသည်။ အရှင်အဂ္ဂပဏ္ဍိတကား 'လောကုပ္ပတ္တိပကာသနီ' အမည်ရှိကျမ်းကို ရေးသားခဲ့ကြောင်း အဆိုရှိသည်။ သို့ရာတွင် ယင်းကျမ်းပုံနှိပ်မှုကို မတွေ့ဖူးချေ။ ထိုဖော်ပြပါ မထေရ်သုံး ပါးတို့၏ဆက်စပ်ပတ်သက်မှုကို သဒ္ဒနီတိကျမ်းနိဂုံး၌ အောက်ပါအတိုင်းဖော်ပြသည် 'သဒ္ဒနီတိကျမ်းကို အရိမဒ္ဒနပုရမည်သော ပုဂံမြို့နေ အရှင်အဂ္ဂဝံသမထေရ် စီရင်သည်။ ထိုအရှင်အဂ္ဂဝံသသည် အရှင်အဂ္ဂပဏ္ဍိတ၏တူ (နှမသား) ဖြစ်သည်။ ထိုတူနှင့် ဦးရီး (အရှင်အဂ္ဂဝံသနှင့်အရှင်အဂ္ဂပဏ္ဍိတ) တို့ နှစ်ပါးလုံးသည် အရှင်မဟာအဂ္ဂပဏ္ဍိတ၏ ဥပဇ္ဈာယ်ယူတပည့်များဖြစ်ကြသည်'။

အထက်ပါဖော်ပြချက်အရ အတိအကျဆိုနိုင်သည်မှာ သဒ္ဒနီတိကျမ်းကို မြန်မာနိုင်ငံ၊ ပုဂံမြို့၌ သီတင်းသုံးနေထိုင်သည့် အရှင်အဂ္ဂဝံသ ရေးသားသည်ဟုဖြစ်သည်။

ဂန္ထဝံသကျမ်းအလိုအရ အရှင်အဂ္ဂဝံသသည် ဇမ္ဗုဒီပ (အန္ဒိယကိုဆိုလိုသည်)တိုင်းသားဖြစ်ပြီး မြန်မာနိုင်ငံ ပါဠိစာပေထွန်းကားရာ ပုဂံအထက်နားအနီး မြောက်ပိုင်း ကုန်းမြင့်ဒေသရှိ ဘုန်းတော်ကြီးကျောင်းများ၌ နေထိုင်ခဲ့သူများတွင် ပါဝင်သည်ဟု ဆိုသည်။

## ကျမ်းပြုခေတ်

အခြားသော ပုဂံခေတ်ပေါ်ကျမ်းများကဲ့သို့ပင် သဒ္ဒနီတိကျမ်း၌လည်း ကျမ်းပြီးနှစ်ကို အတိအကျ ဖော်မပြခဲ့သဖြင့် အရှင်အဂ္ဂဝံသတို့ ပေါ်ပေါက်ရာခေတ်ကို သေချာစွာမသိရဘဲ ခန့်မှန်းချက်မျှကိုသာ လေ့လာတွေ့ရှိရသည်။ သဒ္ဒနီတိပေါ်ပေါက်ရာခေတ်နှင့် ပတ်သက်၍ မြန်မာ့သာသနာဝင်ကျမ်းများဖြစ်သည့် **သာသနာလင်္ကာရစာတမ်း**နှင့် **သာသနဝံသပ္ပဒီပိကာ**ကျမ်းများ၌ 'သာသနာသက္ကရာဇ် ၁၆၉၇-ခုနှစ်၊ မြန်မာ ၅၁၅-ခုနှစ် (အေဒီ ၁၁၅၃)တွင် ပိဋကတ်သုံးပုံ၏ အခြေပါဒဖြစ်သော သဒ္ဒါနည်းနာနယ၌ လိမ္မာစေခြင်းငှာ ပိဋကတ်သုံးပုံကို အကုန်နှီးနှောရှာဖွေ၍ ပုဂံအရှင်အဂ္ဂပဏ္ဍိတမထေရ်က သဒ္ဒနီတိကျမ်းကိုပြုစုသည်' (စာ-၁၁၈)ဟု သဒ္ဒနီတိပဏာ၌ဖော်ပြသောဂါထာကို ကိုးကား၍ ပြဆိုသည်။

ဖော်ပြပါအဆိုကိုပင် အနောက်တိုင်း ပါဠိပညာရှင်များဖြစ်ကြသည့် Bode(PLB- p 16)၊ Geiger ( PLL p. 55) နှင့် သီရိလင်္ကာပါဠိစာပေသမိုင်းဆရာ Dr. Malalasekera (PLC p. 185) တို့ကလည်း ထောက်ခံတင်ပြကြသည်။

သို့ရာတွင် ဖော်ပြပါဂါထာကို လက်ရှိသဒ္ဒနီတိ စာကိုယ်မဏ္ဍာမ၌ မတွေ့ရဘဲရှိသည်။ တွေ့ရှိရသောဂါထာများတွင် ကျမ်းပြုခုနှစ်နှင့်ပတ်သက်၍ ဖော်ပြချက်မပါရှိပေ။ တွေ့ရသမျှ သဒ္ဒနီတိကျမ်းစာမူအားလုံးတွင် ဖော်ပြပါဂါထာပျောက်ဆုံးနေဟန်ရှိပြီး ယခုတွေ့ရှိရသည့်ဂါထာ၏ အဓိပ္ပါယ်မှာ-

'သဒ္ဒလက္ခဏာကို သိလိုသူများသည် ပညာရှိများ အတွက် ကျွန်ုပ် သန့်ရှင်းစင်ကြယ်စွာ ရေးသားမည်ဖြစ်သည့် သဒ္ဒနီတိကျမ်းကို သင်ယူသင့်ပါသည်'ဟုဖြစ်သည်။ သာသနာလင်္ကာရစာတမ်း၌ ဖော်ပြထားသည့် တိကျရက်စွဲပါသည့် ဂါထာကို အခြားသောသုတေသီများလည်း မသိနိုင်ကြသေးပေ။ ထို့ကြောင့် သာသနာလင်္ကာရနှင့် သာသနဝံသတို့ အဆိုမှာ မခိုင်လုံသေးဟု မှတ်ယူသင့်သည်။

လေ့သင်းအတွင်းဝန်၏ **ဝေါဟာရလီနတ္ထဒီပနီ**ကျမ်း၌မူ သဒ္ဒနီတိကျမ်းကို ကျစွာမင်းလက်ထက်၌ စီရင်ကြောင်း

[၁] Pali Literature of Burma, p. 16-17

ဆိုသည်[၂]။ ယင်းအဆိုသည် ပိဋကတ်တော်သမိုင်း[၃] အဆိုကို ကိုးကား၍ဆိုခြင်းဖြစ်သည်။ သို့ရာတွင် အဆိုပါနှစ်ကျမ်းလုံး၌ အခြားခိုင်လုံသော အထောက်အထား ဖော်ပြချက်များ မပါရှိပေ။

သို့ရာတွင် ထိုနှစ်ကျမ်း၏အဆိုကို အရှင်သီရိသောဘန မထေရ်စီရင်သည့် **'မဟာဒွါရနိကာယသာသနဝံသဒီပနီ'** ကျမ်းက ခိုင်လုံသော အထောက်အထားဖြင့် ထောက်ခံထားသည်။ ယင်းကျမ်းတွင် ပုဂံမြို့ သရပါတံခါး အနောက်ဖက်၌ ဂူနှင့်ရှိသော မဟာအဂ္ဂပဏ္ဍိတစေတီကျောက်စာကို ကိုးကားထားသည်။ ယင်းကျောက်စာကို မဟာအဂ္ဂပဏ္ဍိတ၏ တပည့်ကြီး အရှင်အဂ္ဂပဏ္ဍိတက ရေးထိုးခဲ့သည်။

ယင်းကျောက်စာအဆိုအရ အရှင်မဟာအဂ္ဂပဏ္ဍိတ မထေရ်သည် သက်တော် ၃၇-နှစ်တွင် ဗုဒ္ဓဂယာ၊ မဟာဗောဓိသို့ ကြွတော်မူသည်။ ၎င်းမှအပြန် ခရီးတစ်ဝက်အရောက် သာသနာနှစ် ၁၇၁၇-ခုနှစ်၊ ကောဇာ ၅၃၅-ခုနှစ်၊ တပေါင်းလဆုတ် ၃-ရက်၊ အင်္ဂါနေ့ အရုဏ်မတက်မီ ပျံလွန်တော်မူ၏ဟုဆိုသည်။ ယင်းမှာ အေဒီ ၁၁၇၄-ဖြစ်သည်။

ယင်းကျောက်စာ၌ ဆက်လက်ဖော်ပြသည်မှာ 'အရှင်မဟာအဂ္ဂပဏ္ဍိတ၏ ရုပ်ကလာပ်ကို သင်္ဂြိုဟ်သည့်နေရာ၌ စေတီတစ်ဆူတည်ပြီး၊ ၂-နှစ်ကြာပြီးနောက် ထိုမထေရ်၏ သပိတ်နှင့် သင်္ကန်းများကို ဂူဘုရားတစ်ခု၌ တပည့်ဖြစ်သူ အဂ္ဂပဏ္ဍိတအရှင်မြတ်က ဌာပနာထားခဲ့သည်။ ယင်း အဂ္ဂပဏ္ဍိတအရှင်မြတ်သည် သာသနာ ၁၇၃၁၊ မြန်မာ-၅၄၉ (အေဒီ ၁၁၈၈)တွင် ပျံလွန်တော်မူသည်' ဟုဖြစ်သည်။

ယင်းကျောက်စာပါ ဖော်ပြချက်ကို ကိုးကားပြီး မဟာဒွါရနိကာယသာသနဝံသဒီပနီကျမ်းပြု အရှင်သီရိသောဘန မထေရ်က အောက်ပါအတိုင်း ငြင်းဆိုထားသည် 'အကယ်၍ ဗုဒ္ဓဂယာဘုရားဖူးသူ အရှင်မဟာအဂ္ဂပဏ္ဍိတသည် ပျံလွန်တော်မူချိန် သာသနာနှစ် ၁၇၁၇ (အေဒီ ၁၁၇၄) တွင် အသက် ၃၇-နှစ်သာရှိသေးပါလျှင် ထိုအချိန်က သူ့တပည့်ဖြစ်သူ အဂ္ဂပဏ္ဍိတသည်ရဟန်း တစ်ပါးအနေဖြင့် သိက္ခာဘယ်လောက်ရှိပြီနည်း။ ရဟန်းသိက္ခာ ၇-ဝါ သို့မဟုတ် အသက် ၂၇-နှစ်ရှိပြီဟုဆိုလျှင် သူ၏တူဖြစ်သူ အရှင်အဂ္ဂဝံသ အသက်မည်မျှရှိနိုင်မည်နည်း။ သာသနာလင်္ကာရတွင် ပြဆိုသည့်အတိုင်း အေဒီ ၁၁၅၃ တွင် သူ (အရှင်အဂ္ဂဝံသ) သဒ္ဒနီတိကျမ်းကို ရေးသားနိုင်ပါမည်လော။ သို့ဖြစ်၍ ဝေါဟာရလီနတ္ထဒီပနီနှင့် ပိဋကတ်တော်သမိုင်းတို့၌ ဖော်ပြသည့်အတိုင်း ကျစွာမင်းလက်ထက် (အေဒီ ၁၂၃၄-၅၀) တွင် သဒ္ဒနီတိကျမ်းကို ရေးသားကြောင်း ယူဆထားသည်[၄]။

ယင်းသို့ဖြင့် သဒ္ဒနီတိရေးသားသည့် ခုနှစ်နှင့်ပတ်သက်၍ အယူအဆနှစ်မျိုး ဖြစ်နေသည်။ ယင်းတို့မှာ -

၁) အလောင်းစည်သူမင်း (အေဒီ ၁၁၁၇-၆၇) လက်ထက် အေဒီ ၁၁၅၃-တွင် ရေးသားသည် သို့မဟုတ်

၂) ကျစွာမင်းလက်ထက် (အေဒီ ၁၂၃၄-၅၀)တွင် ရေးသားသည်ဟုဖြစ်သည်။

သဒ္ဒနီတိကျမ်းတွင် ဖော်ပြပါရှိသော အကြောင်းအရာများအရမူ ဒုတိယအဆို ကျစွာမင်းလက်ထက် ရေးသားသည်ဟူသောအချက်ကို ထောက်ခံကြောင်း တွေ့ရသည်။

အရှင်အဂ္ဂဝံသသည် သဒ္ဒနီတိကျမ်းကို ရေးသားစဉ် ပါဠိတော် အဋ္ဌကထာဋီကာနှင့် သီဟိုဠ်မြန်မာကျမ်းစာပေါင်း ၁၅၀-ကျော်ကို မှီငြမ်းပြုခဲ့သည်။ ယင်းကျမ်းများအနက် အဘိဓမ္မတ္ထသင်္ဂဟ၊ နာမရူပပရစ္ဆေဒနှင့် ပရမတ္ထဝိနိစ္ဆယကျမ်းတို့ ပါဝင်နေသည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုဖော်ပြရာ၌ အရှင်အနုရုဒ္ဓါ၏အမည်ကိုပါ ထုတ်ဖော်ခဲ့သည်[၅]။

အရှင်အနုရုဒ္ဓါ၏ ပေါ်ထွန်းရာကာလကို အတိအကျမဆိုနိုင်သော်လည်း သာသနာနှစ် ၁၇၀၇-ခုနှစ်မှ ၁၇၄၀-ထိ (အေဒီ ၁၁၆၄-၁၁၉၇) သီဟိုဠ်ကျွန်း ပုလတ္ထိမြို့၌ မင်းပြုသော ပရက္ကမဗာဟုမင်းကြီးလက်ထက် ထိုမင်း၏ကျောင်း၌ သီတင်းသုံးနေထိုင်၍ ထိုမင်း၏တောင်းပန်မှုကြောင့် သာရတ္ထဒီပနီဋီကာစသည်ကိုပြုစုသော အရှင်သာရိပုတ္တရာထက် ရှေးကျသည်ဟုကားဆိုနိုင်သည်။ အကြောင်းမူအရှင်သာရိပုတ္တရာသည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ သီဟိုဠ်ဘာသာနိဿယကျမ်းတစ်စောင် ရေးသားခဲ့သောကြောင့်ဖြစ်သည်။ သို့သော်နှစ်ပေါင်းမည်မျှ ရှေးကျသည်ဟုကား အတိအကျမဆိုနိုင်ချေ။

အရှင်အနုရုဒ္ဓါသည် အေဒီ ၁၁ ရာစုထက် စော၍ပေါ်ထွန်းသော ပုဂ္ဂိုလ်မဟုတ်နိုင်ဟု ပါဠိစာပေသမိုင်း ပညာရှင်တို့ ယူဆကြသည်[၆]။ ထို့ကြောင့် သဒ္ဒနီတိကျမ်းကို အစောဆုံးအားဖြင့် အေဒီ ၁၂-ရာစုတွင် ရေးသားသည်ဟု ဆိုနိုင်သည်။

သဒ္ဒနီတိစာကိုယ်၌ **ဂိနိ**သဒ္ဒါအဖွင့်တွင် ပါဠိတော်၌ ဂိနိသဒ္ဒါရှိကြောင်း သက်သေပြပြီး 'ကေစိဝါဒ' တစ်ရပ်ကို ထုတ်ပြလျက် ယင်း ကေစိဝါဒကို ပယ်ထားသည် -

'ကေစိ ပနေတ္ထ သန္ဓိဝသေန အကာရလောပံ သညောဂါဒိဿ စ ဂကာရဿ လောပံ ဝဒန္တိ၊ တမ္ပိ န ယုဇ္ဇတိ'[၇]။ ယင်းအပယ်ခံ ကေစိဝါဒကို မောဂ္ဂလ္လာန်ပါဠိသဒ္ဒါကျမ်း 'သံယောဂါဒိလောပေါ'သုတ်၌ 'သံယောဂဿ ယော အာဒိဘူတောဝယဝေါ တဿ ဝါ ကွစိ လောပေါ ဟောတိ။ ပုပ္ဖံ-သာဇာယတေ-ဂိနိ' ဟုတွေ့ရသည်။ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းမှာ သာသနာနှစ် ၁၇၄၉ (အေဒီ ၁၁၆၅) နောက်ပိုင်းတွင် ရေးသားသောကျမ်းဖြစ်သည်။ ထို့ကြောင့် သဒ္ဒါနီတိကျမ်းသည် အေဒီ ၁၁၆၅-ထက် ရှေးကျသောကျမ်းလည်း မဖြစ်နိုင်ပေ။

တစ်ဖန် သဒ္ဒနီတိဓာတုမာလာကျမ်း၌ **ဗုဓ** ဓာတ်ကို ဖွင့်ရာ၌ 'ကေစိ ပန ကမ္မေနပိ ဗုဒ္ဓသဒ္ဒဿ သိဒ္ဓိံ ဣစ္ဆန္တာ ဇဝံ

---

[၂] ဝေဟာရ၊ စာ-၇၄

[၃] ပိဋကတ်၊ စာ-၃၈၃

[၄] မဟာဒွါရနိကာယသာသနဝံသဒီပနီ၊ စာ - ၃၄၅-၃၄၈။

[၅] ဓာတု၊ စာ-၃၆။

[၆] Pali Literature of Ceylon, p. 163)

[၇] နီတိပဒ၊ ၃၄၄။

နိဗ္ဗစနံ ကရောန္တိ “သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါတိ အဓိဂတဂုဏာဝိသေသေဟိ ခီဏာသဝေဟိ ဗုဒ္ဓိတဗ္ဗောတိ ဗုဒ္ဓေါ”တိ”[၈] ဟုဖော်ပြသည်။ ယင်း၌ အပယ်ခံ စကားရပ်ကို သံပျင်ဋီကာ၌[၉] ၌ တွေ့ရသည်။

ထို့ပြင် ဓရဓာတ်ကို ဖွင့်ပြရာ၌ ‘ကေစိ ပန ဓမ္မသဒ္ဒဿ ပဝတ္တိဝိသယာနံ ဒဿေဝ ပရိစ္ဆေဒံ ဝဒန္တိ -

ဧ ယျမဂ္ဂေ စ နိဗ္ဗာနေ၊ သဘာဝေ အထ ဇာတိယံ။

မာနေ ဝိသယပုညေသု၊ ဘာဝေ ပါဝစနေပိ စ။

ဉ္ဉမေသု ဒသသွတ္ထေသု၊ ဓမ္မသဒ္ဒေါ ပဝတ္တတိ’[၁၀]။

ဖော်ပြပါဂါထာကို သံပျင်ဋီကာ၌[၁၁] တွေ့ရသည်။ ယင်း သံပျင်ဋီကာကို ပုဂံနရပတိစည်သူမင်းလက်ထက် သံပျင်အမတ်ပြုစုသည်ဟု သာသနာလင်္ကာရစာတမ်း[၁၂]နှင့် ပိဋကတ်သမိုင်း[၁၃] တို့၌ ပြဆိုကြသည်။ သံပျင်ဋီကာ၌မူ နိဂုံးပင်မပါရှိပေ။ ယင်း ဖော်ပြချက်မှန်လျှင် နရပတိစည်သူမင်း အေဒီ ၁၁၇၅-၁၂၁၂ (မြန်မာ ၅၃၆-၅၇၃)လက်ထက်တွင် ရေးသော သံပျင်ဋီကာထက် နောက်ကျသော သဒ္ဒနီတိကျမ်းသည် နရပတိစည်သူမင်းလက်ထက်နောက်ပိုင်း၌ဖြစ်စေ၊ ထိုမင်းနောက် စိုးစံသော မင်းတစ်ဦးဦးလက်ထက်၌ဖြစ်စေ ရေးသားသည်ဟု ခန့်မှန်းနိုင်ဖွယ်ရှိသည်။

သဒ္ဒနီတိကျမ်း၌ဖော်ပြသော ကျမ်းစာများကို ခုနှစ်သက္ကရာဇ် စဉ်ကြည့်သောအခါ ၁) အဘိဓမ္မတ္ထသင်္ဂဟ ခန့်မှန်း အေဒီ ၁၁-ရာစု နောက်ပိုင်း ၂) မောဂ္ဂလ္လာန်သဒ္ဒါကျမ်း အေဒီ ၁၁၆၅ နောက်ပိုင်း ၃) သံပျင်ဋီကာ အေဒီ ၁၁၇၅-၁၂၁၂ အတွင်း ဟုဖြစ်သည်။

ဖော်ပြပါကျမ်းစာ သုံးခုအနက် သံပျင်ဋီကာခေတ်နှင့် အရှင်အဂ္ဂပဏ္ဍိတနှင့် အရှင်အဂ္ဂဝံသတို့ဆရာ ပျံလွန်သည့်နှစ် အေဒီ ၁၁၇၄ တို့မှာ အလွန်နီးစပ်မှုရှိကြောင်း တွေ့ရသည်။ အကယ်၍ သဒ္ဒနီတိပေါ်ရာခေတ် အရှင်မဟာအဂ္ဂပဏ္ဍိတပျံလွန်ပြီး နောက်ထပ်နှစ် ၅၀-အတွင်း (အေဒီ ၁၁၈၈-၁၂၃၈) အတွင်း ရေးသားသည်ဟု ယူဆလျှင် အေဒီ ၁၁၇၅-၁၂၁၂ တွင် မင်းတိုင်ပင်အမတ်ကြီးဖြစ်နေသူ သံပျင်ဋီကာကျမ်းပြုပုဂ္ဂုလ်နှင့် မရှေးမနှောင်း ဖြစ်၍ လက်ခံနိုင်ဖွယ်ရှိသည်။

တစ်နည်းအားဖြင့် နရပတိစည်သူမင်း(အေဒီ ၁၁၇၅-၁၂၁၂) နောက်ပိုင်း ၁၃-ရာစု၏ ပထမ နှစ်ဝက်အတွင်း ရေးသားခဲ့သည်ဟုလည်း ယူဆနိုင်ဖွယ်ရှိသည်။

ပုဂံအရှင်ဥတ္တရာဇီဝသည် သီဟိုဠ်ကျွန်းသို့ သာသနာ ၁၇၁၄ (အေဒီ ၁၁၇၁)တွင် ကြွတော်မူသည်။ ထိုအချိန်၌ အရှင်ဥတ္တရာဇီဝသည် သံဃကံကိုအစိုးရသော မင်းဆရာကြီးဖြစ်နေပြီဟု ကလျာဏီကျောက်စာ၌ အခိုင်အမာလာသည်။ သို့ရာတွင် ဤအချိန်၌ အရှင်အဂ္ဂပဏ္ဍိတနှင့် အရှင်အဂ္ဂဝံသတို့ဆရာ အရှင်မဟာအဂ္ဂပဏ္ဍိတမှာ သက်တော် ၃၅-နှစ်သာရှိသေးသည်။ အကြောင်းမူ အေဒီ ၁၁၇၄ ပျံလွန်တော်မူချိန်၌ အရှင်မဟာအဂ္ဂပဏ္ဍိတ သက်တော် ၃၇-နှစ်သာရှိသေးကြောင်း ကျောက်စာ၌ ဖော်ပြထားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် သဒ္ဒနီတိကျမ်းကို အရှင်ဥတ္တရာဇီဝတို့ သီဟိုဠ်သို့ မကူးမီကတည်းက ရေးသားသည်ဟူသော ဖော်ပြချက်နှင့်၊ အရှင်အဂ္ဂပဏ္ဍိတ၊ အရှင်အဂ္ဂဝံသ၊ အရှင်ဥတ္တရာဇီဝဟူသော ဆရာစဉ်ကိုဖော်ပြသည့်သာသနာလင်္ကာရ၊ သာသနဝံသစကားရပ်တို့မှာ ဆင်ခြင်ဖွယ်ဖြစ်သည်။

အရှင်အဂ္ဂဝံပြုစုသော သဒ္ဒနီတိကျမ်းသည် ပုဂံခေတ်ကတည်းက ကျော်စောခဲ့သော ကျမ်းဖြစ်သည်။ အခါတစ်ပါး၌ ပုဂံသားရဟန်းတော်များ သဒ္ဒါကျမ်းတတ်ကျွမ်းလှသည်ဟု ကျော်ကြားသဖြင့် သီဟိုဠ်သား သဒ္ဒါကျမ်းတတ် ရဟန်းတော်အချို့ ပြိုင်ဆိုင်ရန် ပုဂံသို့လာကြသည်။ ထိုအခါ ပုဂံသားရဟန်းတို့က သဒ္ဒနီတိကျမ်းကို ထုတ်ပြကြသည်။ ထိုကျမ်းကို ကြည့်ရှုကြလျက် ‘သဒ္ဒါအရာ၌ ဤကျမ်းကဲ့သို့ သီဟိုဠ်မှာလည်းမရှိ။ သည်ကျမ်း၌ လာသည့်အတိုင်း အကုန်ပင် ငါတို့လည်းမတတ်နိုင်’ဟုဆိုပြီး သီဟိုဠ် ရဟန်းတို့ ပြန်သွားကြကြောင်း ယနေ့တိုင် အစဉ်အလာဆိုစမှတ်ပြုကြသည်။

## ဘုရားဆုပန်ပုဂ္ဂိုလ်

အရှင်အဂ္ဂဝံသသည် သဒ္ဒနီတိကျမ်းကို ပြုစုပြီးနောက် အောက်ပါအတိုင်း ဆုတောင်း အထူးပြုခဲ့သည်-

‘အဟံ တု ပရမံ ဗောဓိံ၊ ပါပုဏေယျ မနာဂတေ။

တံ ပတွာ သကလေ သတ္တေ၊ မောစေယျံ ဘဝဗန္ဓနာ’[၁၄]။

‘ကျွန်ုပ်သည် အနာဂတ်တွင် မြင့်မြတ်သော ဗုဒ္ဓဘုရားအဖြစ်သို့ရောက်ပြီး၊ အလုံးစုံသော သတ္တဝါတို့ကို ဘဝအနှောင်မှ လွတ်စေနိုင်သည့်ကိုယ်ဖြစ်ရပါလို၏’ ဟူ၍ဖြစ်သည်။ အရှင်အဂ္ဂဝံသကား ဘုရားဆုပန် ပုဂ္ဂိုလ်ထူးကြီးဖြစ်သည်။

☺☺☺

Ashin Kelasa
1651 E Manhatton Dr
Tempe, AZ  85282   USA

[၈] နီတိ၊ ဓာတု၊ ၂၂၇။
[၉] သံပျင်ဋီကာ၊ စာ-၂။
[၁၀] နီတိ၊ ဓာတု၊ ၃၃၉။
[၁၁] သံပျင်ဋီကာ၊ စာ - ၄၅။
[၁၂] သာသနာလင်္ကာရ၊ စာ-၁၂၀။
[၁၃] ပိဋကတ်သမိုင်း၊ စာပိုဒ် - ၃၇၅။
[၁၄] နီတိ၊ သုတ္တ၊ စာ-၄၃၂